

စိုးစိုးစာပေ
လုံးချင်းဝတ္ထုသစ်
ဆုလေးနွယ်
(ရန်ကုန်တက္ကသိုလ်)
ဘယ်သူ့ရင်ထဲကြွေညှို့နိုင်မလဲ

# ဘယ်သူရင်ထဲကြည်နိုင်မလဲ

အောင်သပြေနုနုလေး နှစ် ခက်နှင့် ရေမွှေးနှင်းဆီရောစပ်ထိုးထားသော ဖန်ပန်းအိုး အစိမ်းလေးကို နေတလူက မှန်စားပွဲပြင်ရဲ့ အလယ်သို့ တွန်းရွှေ့လိုက်သည်။

ပြီးလျှင် ဒီဖက်အလူ မီနီယံစားပွဲရဲ့ အံဆွဲတစ်ခုကို ဖွင့်ကာ သော့တွဲ တစ်တွဲ ကို ထုတ်လိုက်သည်။

ရွှေထည်ပစ္စည်းတွေ ထည့်ထားသော မှန်ရှိုးကေ့စ်ရဲ့ သော့ ကို ရွေးချယ်ထုတ်လိုက်တာ။

ဒီမနက်စောစောမှာ ဖေဖေနှင့် မေမေက ဘုရားတက်ဖို့ ထွက်သွားကြပြီလေ။

တနင်္ဂနွေ မနက် တိုင်း ဖေဖေနှင့် မေမေက ရွှေတိဂုံဘုရားဖူးတက်နေကြမို့ ဒီလိုအချိန်ဆို ဆိုင်မှာ လူအင်အား လျော့နေတတ်ရာ သူက မနက်ပိုင်း ဝင်ကူညီရသည်။

ရွှေပန်းတိမ် လုပ်ငန်းဟာ သူ့မေမေ ဒေါ်မမထားရဲ့ လုက်ငုပ်လက်ရင်းပါ။ မေမေ့ဆွေမျိုး တွေ တော် တော် များများ ဟာ လည်း ရွှေပန်းတိမ် ရွှေဆိုင်းလုပ်ငန်းတွေ ပဲ လုပ်ကြတာပါ။

မေမေက အိမ်နှင့် ဆိုင်ကို တွဲ ထားကာ သူတို့မောင်နှမ သုံးယောက် စလုံးကို ရွှေပညာ သင်ယူစေခဲ့သည်။

သူ့အစ်မ မှုံ မှုံ ချောနှင့် ညီမ ဖြစ်သူ အိအိချောတို့က မေမေ့ စိတ်တိုင်းကျ ရွှေလုပ်ငန်းနှင့် ပတ်သက်ပြီး အားလုံးကျွမ်းကျင်အောင် အသေးစိတ် သင်ကြားကြပေမဲ့ နေတလူက သိပ်ဝါသနာပါချေ။

သူဝါသနာပါတာက ခရီးသွားရတာ ။ ပြီးတော့ စိတ်အေးလက်အေး ပန်းချီကား တွေ ရေး ဆွဲရတာ ။ ပေါင်းအသင်းတွေ သူငယ်ချင်း ရောင် းရင်းတွေ နှင့် ပျော်ပျော်ပါးပါး လက်ဖက်ရည်ဆိုင် ဒါမှမဟုတ် တစ်ခါတစ်ရံ ဘီယာဆိုင် ထိုင်ရတာ ။ မေမေ ကတော့ သူ့ကို

အိမ်ထောင်ပြုပြီး ရွှေဆိုင်တစ်ဆိုင် သီးခြားခွဲထွက် ဖွင့်စေချင် သည်ဟု ပြောဖူးသည်။

နေတလူက တော့ သူ့ရဲ့ အနာဂတ်ကို အတိအကျ ပုံမဖော်နိုင်သေး။

အိမ်ထောင်ကျပြီးလျှင် မည် သည့် စီးပွားရေး လုပ်မည် ။

မည် သည့် နေရာမှာ မည် သို့နေထိုင်မည် စသည့် အစီအစဥ်တို့ဟာ မိမိနှင့် လက်တွဲ ဂမည့် အိမ်ထောင်ဖက်ဇနီး နှင့် လည်း သက်ဆိုင်သေးတာပဲ မဟုတ်လား။

ခုနေခါ ကြိုတင်ပြီး သူမမျှော်မြင်တတ်သေး။

“သားကြီးနော်....အသက်က နှစ် ဆယ့်ရှစ်ကို ရောက်နေပြီ၊ သုံးဆယ်က ဘာမှဝေးတော့ တာမဟုတ်ဘူး၊ ခုကတည်းက ကိုယ်ကြိုက်တာ ကိုယ်ရှာနိုင်ရင် ရှာ ၊ သုံးဆယ်ရောက်လို့မှ မင်းဘက်က ရှာမတွေ့ဘူး ဆိုရင် မေမေ ပေးစားတဲ့ မိန်းမ ယူရမှာ နော် ဒါပဲ”

မေမေ ဤသို့ဝမ် နင်ပေးလျှင် ဖေဖေ၊ မမမှုံ နှင့် အိအိတို့က ပြုံး စိစိ။

“မေမေနော်....မေမေစဉ်းစားရမှာ သားကိစ္စမဟုတ်ဘူး၊ မမမှုံ အတွက် အရင်ရှာဖွေ ရမှာ ”

“ဟဲ့....လူလူ ၊ ပိန္နဲပင်ဘာလို့ လာဆွဲထည့်နေ တာလဲ၊ ငါအပျိုကြီးလုပ်မှာ ဟဲ့၊ နင်နဲ့ တူမလား”

နေတလူထက် ငါးနှစ် ခန့် အသက်ပိုကြီးတဲ့ မှုံ မှုံ ချောက သူ့ဖက် မျက်စောင်းလှည့်ရွယ်သည်။

မမမှုံချောကလည်း တကယ့်ကို အပျိုကြီး လုပ်သွားမည့် စတိုင်လ်။ သူက အိမ်ထောင်ရေး ဆိုတာကို စိတ်ကို မဝင်စားတာ။ အပျိုကြီးကံ ပါလာသလားမသိ။

ဒီတော့ မြှားဦးက နေတလူဖက် လှည့်တော့တာပေါ့။

သူ့ထက် ငါးနှစ် ပိုငယ်တဲ့ အိချောပိုကိုတော့ မေမေတို့က ဘာမှ

မတိုက်တွန်းသေး။

တကယ်တော့ အိချောလည်း နှစ် ဆယ့်သုံး၊ ဒါပေမဲ့ မိသားစုထဲမှာ က သူက အငယ်ဆုံး ဆိုတော့ ခုထိကလေး လုပ်လို့မဝသေး။

မနက်မိုးလင်းရင် ဘယ်လိုအလှပြင်ရမလဲ၊ ဘာစားရမလဲ ၊ ဘယ်သွားရမလဲ၊ ဘယ်သူနဲ့ ဖုန်းပြောရင် ကောင်းမလဲ ဒါပဲစဉ်းစား နေတတ်တဲ့ ကောင်းမလေး။

အခုလည်း အလှပြင်ပြီး ဆိုင်မှာ မထိုင်ခင် မုန့်ဟင်းခါးသွားစားမယ် ဆိုပြီး လှစ်ခနဲ ပျောက်သွားပြီ။

မမမှူ ချောကလည်း ထွက်မလာသေး။

ဒီတော့ ဆိုင်ကို တံခါးတစ်ခြမ်း ပဲဖွင့်ထားပြီ နေတလူက ပစ္စည်းတွေ မှန်ပုံးထဲ ထုတ်စီနေရသည်။

ဒီဖက်ရှိုးကေ့စ်ထဲ ပစ္စည်းအသေးလေးတွေ နားကပ်သို့ လက်စွပ်တို့ပဲ အရင်ဦးဆုံး ချစီသည်။

အကြီးစား ရွှေထည် ရတနာသည် ပစ္စည်းတွေ ကိုတော့ မေမေ ဒါမှမဟုတ် မမမှူ ချော ကိုယ်တိုင် သိမ်းဆည်းပြီး ကိုယ်တိုင် ရေတွက်စီလေ့ ရှိသည်။

ဆိုင်မှာ ကူဖို့ မေမေ့ တူမနှစ် ယောက် လည်း ခေါ်ထားပါသေးသည်။ သို့သော် မိုးမိုးနှင့် သူဇာတို့က ကြည့်မြင်တိုင် မှာ နေတာ မို့ ရောက်မလာကြသေး။

နေတလူက ပစ္စည်းတွေ ခေါင်းငုံ့စီထည့် နေဆဲမှာ ဆိုင်ပြင် ဖက်နားက လူရိပ်တစ်ခုနှင့် ခြေသံခပ်ပါးပါး ကို ကြားရတာ ကြောင့် ခေါင်းထောင်နားစွင့် လိုက်သည်။

အိအိပြန်လာတာလားဟု သူထင်ပေမဲ့ ရဲရဲတင်းတင်း ဝင်မလာပုံကြောင့် ဇဝေဇဝါ ဖြစ်သွားရသည်။

ဒီလောက် အစောကြီး ဝယ်ယူလာပါ့မလား။

သူကြည့်နေဆဲမှာ ဖွင့်ထားသော တံခါးပေါက်ဝ၌ မိန်းမ ငယ်လေး တစ်ယောက် ပေါ်လာသည်။

အထဲဖက်ကို မဝံ့မရဲလေး ကြည့်လိုက်ဟန်က စူစူးစမ်းစမ်း။

အင်္ကျီက ဖြူဆွတ်ဆွတ် လက်စကလေး။ ရင်ဖုံးပုံမှာ ကြယ်သီး အဆန်းလေးတွေ နှင့် ချုပ်ထားတာ။ လုံချည် ကတော့ အသားပျော့ပျော့ ခပ်ထူထူ မရမ်းနှင့် အပြာရော အကွက်ကလေး။

ပုံစံလေးက ရိုးရှင်းသည်။

မျက်နှာဝင်းဝင်း မှာ လည်း မျက်ခုံးပုံစံကျကျ ထင်ထင်လေးနှင့် ကျက်သရေ ရှိလွန်း၏ ။

နှာတံလုံးလုံး စင်းစင်းလေးနှင့် ပန်းနုသွေးရောင် နှုတ်ခမ်း ထူလေးကလည်း ချစ်စရာ။

နက်ရွှန်းတောက်ပတော့ သူမရဲ့ မျက်လုံးကလေး တွေ ဟာ နေတလူနှင့် အကြည့်ချင်း အဆုံမှာ ပိုမိုရွှန်းတောက် သွားသလိုပင် ထင်ရသည်။

ဖန်ခါးဖြူသည် ဘယ်လိုပဲ ခပ်တည်တည် ဟန်ပန်နှင့် ဣန္ဒြေရရ လေး ဖြစ်အောင် ပြင်ဆင်ထားသော် လည်း ရင်တွေ တုန်ကာ စိတ်လှုပ်ရှား နေမိတာအမှန်ပင်။

နေတလူပင် ရှိနေမှာ ပလို့ မျှော်လင့်ထားပေမဲ့ တစ်ဆိုင်လုံး သူ တစ်ယောက် တည်းရှိနေမည် လို့တော့ ထင်မထားခဲ့ပါ။

သူမခြေလှမ်းတွေ က အနည်းငယ်တော့ တုန့်နှေးကာ မဝံ့ မရဲ ဖြစ်ရသည်။

အခုနပဲ နေတလူရဲ့ မိခင်နှင့် ဖခင် တို့ နှစ် ဦးသား ဝတ်ကောင်း စားလှတို့ဖြင့် တိုက်ရှေ့မှာ ရပ်ထားတဲ့ ကော်ရိုလာဗင် ဖင်ကောက် အဖြူရောင် သန့်သန့် ပေါ်တက်ပြီး ထွက်ခွာသွားကြတာ သူမမြင်သည်။

ပြီးလျှင် မရှေးမနှောင်း သူ့ညီမလေးလည်း လုခန် အပြင် ထွက်သွားတာ တွေ

့လိုက်ရသေးသည်။

သူတို့ရဲ့ စိန်ရွှေရတနာ ဆိုင်ဟာ နှစ် ထပ်တိုက်လှလှ ကြီးရဲ့ ရှေ့မျက်နှာ စာတစ်ခုလုံးကို ယူထားတာမို့ ကျယ်ဝန်းပြီး သားနားလှပသည်။

ဆိုင်မှာ လည်း အိမ်က မိသားစုတွေ ပဲ အဓိက ထိုင်သည်။

အနည်းဆုံး မိသားစု ဝင်တစ်ဦး မဟုတ်တစ်ဦးတော့ ကက်ရှာစားပွဲမှာ ရှိတတ်သည် ဆိုတာ ဖန်ခါး လှမ်းလှမ်း ကြည့်ထားဖူးလို့ သိနှင့် နေပါသည်။

သို့ပေမဲ့ သူဟာ နေတလူ ရွှေဆိုင်က လူ တစ်ယောက် ဆိုတာ ကိုဖြင့် သူမသိတာမကြာ သေးပါ။

သူ့ကို တွေ့ဖူးတာ အ က်ဗ်အမ်အိုင် စင်တာထဲက ယောကျ်ားလေး အသုံးအဆောင် အဝတ်အထည် တို့ရောင်းတဲ့ဆိုင် တစ်ဆိုင်ထဲမှာ စတင်မြင်ဖူးခဲ့တာ။

အဲဒီ နေ့က သူဟာ ခါးပတ်လှလှ တစ်ခုကို သူ့ခါးမှာ ကျကျနန ပတ်ကြည့်ပြီး မှန်ရှေ့မှာ အဆင်ပြေမပြေ ကြည့်ရှုနေတာ။

ဝတ်ထားတာက ဂျင်းပင်န်နဲ့ တီရှပ်ပါ။ ဒါပေမဲ့ သူ့ပုံစံက ကိုယ်နေဟန် ထားဖြောင့်မတ်ပြီး အင်မတန် စတိုင်လ်ကျကြည့်ကောင်းသည်။

ဥပမိရှပ်ကပင် နူးညံ့သိမ်မွေ့ကာ ယောကျ်ားပီသ တင့်တယ်နေတာမို့ ငေးချင် စရာကောင်းနေခဲ့သည်။

နိုင်ငံခြား မင်းသားတစ်ဦးရဲ့ အရုပ်အမောင်း ကိုယ်နေဟန် ထားတို့ရှိပြီး မျက်နှာရိပ်မှာ ကြည်လင်ပြီး ညှို့ ဓာတ်အပြည့် ရှိသည်။

ဖန်ခါးသဘောကျ လေ့ရှိတဲ့ ယောကျ်ား တစ်ဦးရဲ့ ကိုယ်နေဟန်ထား၊ မျက်နှာထားတို့က ဟာ သူ့ပုံစံနှင့် ကွက်တိမို့ တစ်ခဏမျှ ငေးစိုက်ကြည့်နေခဲ့မိသည်။

သူ ကတော့ ဘေးဘီပတ်ဝန်းကျင်ကို သိပ်မကြည့်ဘဲ သူနဲ့ ပါလာတဲ့ အဖော်ကောင်းလေး နှင့် သာ စကားပြောဆိုရင်း ဝယ်စရာ ရှိတာ အေးအေး လူလူဝယ်

နေသည်။

ပါလာတဲ့ အဖော်ကောင်းလေးမှာ ကတုံးဆံပင် ပေါက်နှင့် အသားညိုညို လူကလည်း ပိန်ပိန်သေးသေး ပုံစံ ဖြစ်နေရာ လူရည်သန့် ထောင်ထောင်မောင်းမောင်း အရပ်မြင့်ကြီးနှင့် သူ့ပုံစံ က ပိုထင်ရှားနေလေသည်။

တမေ့တမော ကြည့်နေမိတဲ့ ဖန်ခါးမျက်လုံးတွေ ကို သူက သတိမပြုမိခင် သူ့နံဘေးက အသားညိုလေးက အရင်သတိထားမိသည်။

သူ့ကို တစ်စုံတစ်ခု ကပ်ပြောလိုက်သည်။ သူက ဖျက်ခနဲ မှန်ချပ်မှတစ်ဆင့် အပြင်ဖက်သို့ လှမ်းကြည့်၏ ။

ဖန်းခါးရင်ထဲ မြောင်းဆန်လန့်ဖျပ် ကာအကြည့်ကို ကမန်းကတန်း လွှဲရသည်။

ထိုဖက်ရှင်ဆိုင်ရဲ့ အပြင်ဖက် ဖန်စီပစ္စည်း လေးတွေ ရောင်းတဲ့ နေရာမှာ ရင်ထိုးကြည့် သလိုလို လက်စွပ်ကြည့် သလိုလို ဟန်လုပ်နေရပေမဲ့ သူဖျက်ခနဲ ကြည့်လိုက်တာကို သိနေတော့ လူက ထူပူစိတ်လှုပ်ရှားခဲ့ရသည်။

ဖန်ခါး သူငယ်ချင်း ကြည်ပြာ ကတော့ မှင်သေလှတဲ့ ဖန်ခါးရဲ့ အမူအရာကြောင့် ဘာမှမရိပ်မိ။ သူ့ဘာသာ ပုလဲလက် ကောက်လေးတွေ ငုံ့ရွေးမပျက်တာမို့ အသာအယာ သက်ပြင်းချရသည်။

ပြောရမည် ဆိုလျှင် ကြည်ပြာက မိုးနောင်ရဲ့ ဘက်တော် သား။

ဖန်ခါးကို တစ်လောကလုံးက ယောကျ်ားတွေ ကို တစ်ချက် ကလေးတောင် စောင်းငဲ့မကြည့် စေချင်ဘဲ သူ့အစ်ကို ဝမ်းကွဲ တစ်ယောက် ဖြစ်တဲ့ ရွှေမိုးနောင် နှင့် သာ သဘောတူ ကြည်ဖြူချင်တဲ့ သူလေး။

ဒါကြောင့် ဖန်ခါးက ကိုလူချောကို ရင်တဖိုဖို နှင့် ခိုငေးရ တာ ဖြစ်သည်။

“ဟဲ့....ဟိုလူကြီး မိုက်တယ်နော်” ဟုပင် လက်တို့ကာ မတိုင်ပင်ဝံ့၊ မပြဝံ့ပေ။

အချိတ်အဆက် အခွင့်အရေး တစ်ခုတလေ ရဖို့ဆိုတာ ကြည်ပြာအနားမှာ

ရှိလို့က လွယ်ကိုမလွယ် နိုင်တာ သူမအသိဆုံးပဲ လေ။

ဖန်ခါးသည် မကြာခဏ ဟိုလူဆီ လှစ်ခနဲ ခိုးကြည့် နေမိသည်။

“ဟဲ့....ဒီအဖြူနဲ့ မရမ်းနဲ့ ဘယ်ဟာပိုလှသလဲဟင်”

“ဟင်”

“ငါ၀ယ်တာကိုတော့ စိတ်မ၀င်စားဘူး၊ ဘယ်တွေ လျှောက်ငေးနေလဲမသိဘူး”

“မငေးပါဘူး၊ နှစ် ခုလုံးလှတယ်၊ နင့်လက်ကလေးက ဖြူပြီးသားပဲ၊ နှစ် ကွင်းဆင့်
၀တ်လိုက်ရင် ပိုကောင်းတယ်”

ဖန်ခါးမှာ ကမန်းကတန်းပဲ အကြံပေးရသည်။

အသားဖြူတဲ့ ကြည်ပြာကလည်း သူ့ကို ဖြူတယ် ချီးမွမ်းသဖြင့်
ကျေနပ်သွားသည်။

ရောင် းတဲ့အစ်မကြီးကပါ....

“ဟုတ်တယ်....ဟုတ်တယ်၊ ညီမလေးလက်မှာ ဘာအရောင် ၀တ်၀တ်
သိပ်ပေါ်တာပဲ၊ ရောင် စုံလေး၀တ် ပိုလှတယ်။

ဘာညာပြောလျှင် ကြည်ပြာက ဆက်ရွေးနေသည်။

သို့ပေမဲ့ ဟိုနှစ် ယောက် က ဖက်ရှင်ဆိုင်ထဲက ပြန်ထွက်ခွာပြီ။

ဆိုင်ထဲက အထွက်မှာ ဖန်ခါးနှင့် သူအကြည့်ချင်းဆုံမိသော် လည်း သူက
ခပ်ကြာကြာမကြည့်ဘဲ လွဲဖက်သွားသည်။

သူ့နံဘေးက ကောင်လေးကသာ ပြုံး တုံ့တုံ့ ဟွန်း....မဆီမဆိုင်၀င်ပြုံး နေတာ
အမြင်ကပ်လိုက်တာ။

“ဖန်ခါးနော်....ဖန်ခါး”

"ဘာလဲဟ"

ကြည်ပြာကလည်း ကြိမ်းဝါးလိုက်သေးသည်။

"အံမယ်....ငါမသိဘူးမှတ် လို့လား၊ ဒါရိုက်တာရင် မျက်နှာလေးနဲ့ ဆင်တယ်ဆိုပြီး နင်ငေးနေတာမို့လား"

"ဟွန်း"

ကြည်ပြာက မျက်စောင်းတစ်ချက် နှင့် မပြောလိုက်ချင်ဘူး ဆိုတဲ့ ပုံစံမျက်နှာထား မျိုး လုပ်တာမို့ ဖန်ခါးက ပြုံး စိစိလေးငြိမ်နေ လိုက်သည်။

ဟိုကိုယ်တော် ချော ကတော့ တန်းတန်းမတ်မတ် ကြီးပဲ ကျောခိုင်းထွက်ခွာသွားတော့တာ ပင်။

ဖန်ခါးမှာ ကြည်ပြာငြူစူ မျက်စောင်းခဲနေတဲ့ အထဲက သူ့ကျောပြင်ကို မျက်စိတစ်ဆုံး လိုက်လံငေးကြည့်နေခဲ့မိပါသေး သည်။

အခုတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးပင် ဖန်ခါး မျက်စိ ရှေ့မှာ သူကိုတွေ့ရပြီ။

သူ့ကို မြင်တာနှင့် ရင်တုန်သလိုလို ခြေလှမ်း မှား ချင်ကာ ဘာကြောင့် ပါလိမ့်။

ဖန်ခါးဟာ သတ္တိကောင်းတဲ့ မိန်းကလေးလို့ သူများ တွေ ရဲ့ သတ်မှတ်မှု ခံရသူပါ။

အခု သူနဲ့ကျမှ ရင်မဆိုင်ရဲသလို ရှက်နေကြောက်နေမိသလိုလို။

ကောင်တာနောက်ကနေ သူမဆီကြည့်နေတဲ့ နေတလူကို မဝံ့မရဲလေးဖြင့် ....

"ဆိုင်ဖွင့်ပြီလားဟင်"

တံခါးတစ်ချပ်ပဲ ဖွင့်ထားရသေးတာကိုရော ပစ္စည်းတွေ အကုန်အစုံ မခင်းကျင်း ရသေးဘူးဆိုတာ ကိုရော သူမမြင်နေတာပဲ လေ။

ဒါကြောင့် လည်း အားတုံ့အားနာ ဟန်လေးနှင့် မတာ။

"ဪ....ဘာလိုအပ်လည်း မသိဘူး၊ ကြည့်ပါရပါတယ်"

ပထမဦးဆုံး ကြားလိုက်ရသော သူ့အသံမှာ ကြည်လင် ချိုသာပြီး မွန်ရည်လှသည်။

သူ့အသံကို ကြားဖူးချင်နေခဲ့တာ။

နေတလူက လှမ်းဝင်လာသော မိန်းကလေးကို အသေအချာ ကြည့်မိရင်း တစ်နေရာရာမှာ မြင်ဖူးသလို ထင်မိသည်။ သို့သော် မသေချာ။

ဘာပဲ ဖြစ် ဖြစ် သူက အပြုံး စတစ်ခုနှင့်

"ဘာကြည့်မလဲညီမ ဟင်းဒ်ချိန်းထဲကလား"

သူမရဲ့ လက်ကောက်ဝတ်မှာ မျှင်မျှင်လက်လက် မလက်တီနမ် ကြိုး လေး ပတ်ထားတာကို ကြည့်ရင်း နေတလူက မေးလိုက်သည်။

သူစီထားပြီး သားကလည်း လက်ကောက်နှင့် ဟန်းချိန်း တွေ ပဲ ရှိသေးတာ။

အခု ချိတ်ဆွဲလက်စက နားဆွဲလေးတွေ ၊ နားကပ်လေးတွေ ။

"အစ်ကို့လက်ထဲက နားဆွဲလေး"

အစ်ကိုတဲ့။

ထိုခေါ်သံလေးမှာ နေတလူရင်ထဲ ဘာ ဖြစ်သွားမှန်းမသိ။

သူတခဏ ငြိမ်ကျစေတဲ့ အထိ ခေါ်သံလေးက စွဲမက် စရာကောင်းလှသည်။

တခြားဘယ်မိန်းကလေးပဲ အစ်ကိုလို့ခေါ်ခေါ် သူမခေါ် တာလောက် ရင်ထဲရောက်စေမှာ မဟုတ်။

နေတလူ နှလုံးသား ဟာ အမှတ်မထင် ဆတ်ခနဲ လှုပ်ရှားသွားရသည်။

သူမမျက်နှာလေးကိုလည်း အငိုက်မိကာ ကြည့်နေလိုက်မိ၏ ။

သူမရဲ့ မျက်နှာလေးမှာ အလင်းဓာတ်တစ်မျိုး နှင့် နူးညံ့ရွှန်းတင့်နေသည်။

"သြော်...ဒါလေးတွေ လား"

သူများ တွေ ကို ဆိုလျှင် ညွှန်ပြတဲ့ ရွှေထည်တစ်ခုနှစ် ခုကိုသာ ကောင်တာပေါ် တင်ပြပေမဲ့ သူမကိုတော့ ဘာကြောင့် လည်း မသိဘဲ နားဆွဲပုံစံမျိုး စုံ ချိတ်ကပ်ထားတဲ့ ကတ္တီပါ ဗူးပြားလေးတစ်ခု လုံးကို မှန်ကောင်တာပေါ် တင်ပေးလိုက်မိသည်။

ရှိတဲ့ပစ္စည်းအကုန် တစ်ဆိုင်လုံး ကြိုက်တာကြည့်၊ ကြိုက်သလို ကိုင်တွယ်ကြည့်၊ ဝတ်ကြည့် ၊ စိတ်ကြိုက်သဘောရှိ ကြည့်ရှုသွားရသည်။

ရွှေတွေ ကို မက်မောလို့ မဟုတ်ပါဘူး။

သူ့စေတနာကို လျှပ်တစ်ပြက် မြင်လိုက် သိလိုက်ရလို့ပါ။

မယုံမရဲလေးနှင့် ရင်ထဲ လှိုက်ခနဲ ဖိုနွေးသွားရတာ ။

ဖန်ခါးက သူ့အခု လက်ထဲချိတ်နေတဲ့ နားဆွဲလေးကို သာကောက်ယူသည်။

နားဆွဲက နားမှရယ် အလယ်ကောင်မှာ ရယ် အောက်ဆုံးမှာ ရယ် ဘောလုံးလေး တွေ ပါပြီး ကြားနေရာ တွေ မှာ ရွှေချောင်း အလုံးလေး တန်းနေကာ လှုပ်လုပ်လှုပ်တုပ် နှင့် ချစ်စရာကောင်းတဲ့ ပုံစံလေး။

ဒါလေးပဲကြိုက်ပါသည်။

ဝင်လာကတည်းကလည်း နားဆွဲပဲဝယ်မယ်ဆိုပြီး ဆုံးဖြတ်ခဲ့တာ။

အမှန်တကယ် ဖန်ခါးကြိုက်တာက ဆောက်ဖြတ်နား ကွင်းအဝိုင်းလေးတွေ ။

ဒါပေမဲ့ ကြည့်ပြာက တစ်ခါပြောဖူးတယ်။

ဘာတဲ့ နားကွင်းဆိုတာ အနားက ကွင်းစေတဲ့ ယတြာတဲ့။

သူမက ဆက်တွေ းသည်။

နားကပ်ဆိုရင် အနားမှာ ကပ်နေရမယ့်သဘော။

နားဆွဲဆိုတော့ အနားမှာ စွဲစွဲမြဲမြဲ နေနေရမယ့်သဘောပေါ့။

ဖန်ခါး ကတော့ သူ့အနားက ကွေကွင်းသွားမှာ စိုးတဲ့လူ မို့ နားကွင်းကိုပယ် နားကပ်ကို လည်းထပ်ပယ်

စွဲစေတဲ့ နားဆွဲလေးပဲ ပန်ဆင်လိုပါသည်။

ရှူးတယ်လို့ပဲ ဆိုချင်ဆို။

သူ့ကို စစချင်းမြင်ဖူးလိုက်ကတည်းက ရင်ခုန်သဘောကျမိတာ။ အခုသူဟာ ဂုဏ်သရေ ရှိ မိသားစု တစ်ခုထဲက ဘွဲ့ရပြီးသား လူရိုးလူအေး သားအလတ်လေး တစ်ယောက် ဖြစ်တာ။ ပြီးတော့ အိမ်ထောင်မရှိ သေးတဲ့ လူလွတ် တစ်ယောက် ဖြစ်တာ။ ဒါတွေ ကို ထပ်သိရပြီး တဲ့အချိန်မှာ ဖန်ခါးက ဘာပဲ ဖြစ် ဖြစ် သူ့မျက်စိရှေ့မှော က်သို့ တစ်ခါတစ်ခေါက် ရောက်ချင်သေးတဲ့ ဆန္ဒ ဖြစ်မိတာ။

ဖန်ခါးဖြူကို သူသေချာ သိသွားစေချင်တာ။

သိသွားပြီတဲ့နောက် စိတ်ဝင်အစားတာ စိတ်မဝင်စားတာက သူ့အပိုင်း ဖြစ်သွားပြီ။ တကယ်လို့ သူ့ဘက်က စိတ်မဝင်စားခဲ့ရင် ။

ကြည်လင် တောက်ပသော သူ့မျက်ဝန်းတွေ ကို ဖန်ခါး သတိလက်လွတ် ငေးစိုက်ကြည့် နေမိသည်။

သူနှင့် ဖန်ခါးတို့ဟာ မနက်ခင်း စောစောအချိန် တိတ်ဆိတ်သော ရွှေဆိုင်းလေးထဲ မှန်ကောင်တာ အပိုင်းလေး တစ်ခုပဲ ခြားလျက် အနေအထားမှာ တစ်ဦးနှင့် တစ်ဦး အတော် နီးကပ်စွာ မျက်နှာချင်း ဆိုင်မိကြလေပြီ။

ဟိုတစ်ခါ တုန်က ခပ်ဝေးဝေးကပဲ မြင်ဖူးလိုက်ရတဲ့ သူ့မျက်နှာသွင်ပြင်ဟာ ဒီလောက်ထိ ပြည့်စုံအောင် ဆွဲဆောင်မှု ရှိနေလိမ့်မည် ဟု ဖန်ခါးမထင်။

အသားအရေ မဖြူမညို ခပ်စိုစိုမှာ မျက်ခုံးက မနက်ပြီး တူတန်းနေတာ။

မျက်ခုံးအောက်က စူးရှပြီး ရီဝေတဲ့ မျက်အိမ်ကျယ် စတ်စုံ၊ အနီးကပ်မှာ သူ့မျက်လုံး အရောင် က အလွန်တောက်ပနေသည်။

သူ့အကြည့်ကလည်း ဖန်ခါးအပေါ် သက်ဝင်ငြိတွယ်လှသဖြင့် ရင်တွေ ဖိုလှသည်။ နှာတံပေါ်နှင့် နူးညံ့သော နှုတ်ခမ်းတစ်စုံသည် သူမကို အငိုက်မိအောင် ဖမ်းစားနေသည်။

သွားစွယ်ဖွေးဖွေး လက်လက်တို့နှင့် သူမကို စိုက်ကြည့် ပြုံး ပြနေတာမို့ အသက်ရှူမှား းရသည်။

အိုး....ရှင့်အပြုံး က လှလိုက်တာ။ တောက်ပသစ်လွင် လိုက်တာ။

ရွှေနားဆွဲ လက်ကလေးကို လက်ထဲ ကိုင်ထားပြီး သူမရဲ့ အကြည့်က သူ့မျက်နှာပေါ် အငိုက်တမိ စိုက်တန့်လျက် လွှဲဖယ်မရ။

နေတလူ ကလည်း လွှဲဖယ်မသွား။

ညို့ မျက်လုံးလေးမှာ သူလည်း နစ်မျော သွား၏ ။

အင်မတန် အမှတ်တမဲ့ဆန်သည်။ ပြီးတော့ နက်ရှိုင်း သိမ်မွေ့စွာ ဖျားယောင်းသွားသည်။

တစ်စုံတစ်ရာသည် နေတလူ နှလုံးသားထဲထိ စူးနစ်စွာ စိုက်ဝင်လာသည်။

သူနှင့် ကောင်းမလေးဟာ ဆန်းကြယ်စွာ ပင် ထိုတစ်ခဏလေးမှာ မှင်သက်စွာ တစ်ဦးကိုတစ်ဦး မလွှဲမဖယ် စိုက်ငေးနေမိကြသည်။

ပြီးတော့ နှစ် ဦးသား ရွှန်းတောက်စွာ လိုက်လဲကြည်နူး စွာ ပြုံး နေမိကြသည်။

နေတလူသည် သူမရဲ့ မျက်နှာလှလှလေး ဆီမှ အကြည့်ကို မရုပ်သိမ်းချင်လှသော် လည်း အားနာစွာ ကိုယ့်ကိုယ်ကို ပြန်သတိ ထားရသည်။

သူသတိဝင် ဆင်ခြင်တာနှင့် တစ်ပြိုင်နက်မှာ ပဲ သူမက လည်း ရှက်စနိုးလေး

မျက်လွှာချလိုက်သည်။

လက်ထဲက နားဆွဲလေးကို လှုပ်ကြည့်နေမိရင်း ရင်တုန်က မပြယ်ချင်။

"အဲဒါလေး ကြိုက်လား"

နေတလူ ကမေးလျှင် မြန်မြန်ခေါင်းညိတ်ပြီး .......

"ကြိုက်တယ်"

"တခြားပုံစံလေး တွေ ရော မကြည့်တော့ဘူးလား"

"ဟင့်အင်း"

သူတို့သည် စကားကို သာ ဟန်မပျက် ဆက်ပြောနေကြပေ မဲ့ ရင်ထဲမှာ တော့ ကိုယ်စီကိုယ်စီ ကတုန်ကယင်ကြီး ဖြစ်နေမိလျက်။

"ဒါလေးပဲ ထွက်ပေးရမလား"

"ဟုတ်ကဲ့"

နေတလူက သူမဆီက နားဆွဲလေးကို ယူလိုက်၏ ။ သူမ လက်ချောင်းလေးနှင့် ဖျတ်ခနဲ လက်ချင်းထိမိသည်။ နွေးထွေးသော လက်ကလေးရဲ့ အတွေ ့အထိဟာ သူ့ကို စိတ်လှုပ်ရှားစေသည်။

နူးညံ့လုပသွယ်လျှားသော သူမလက်ကလေးကို ထပ်မံပြီး ကိုင်ကြည့်ခွင့်ရလျှင် ကောင်းမည် ။

စိတ်ထဲက တောင့်တတာပါ။

လူ ကတော့ ခပ်တည်တည်ကြီးနှင့် ဣန္ဒြေဆယ်လျက် နားဆွဲလေးရဲ့ ကဒ်ပြားမှာ ချိတ်ဆွဲရေး သားထားတဲ့ ရွှေချိန်ကို တွက်ပြီး ကာကူလိတ်တာ နှင့် ကျသင့်ငွေကို ဂဏန်းပေါင်းမိသည်။

ဖန်ခါးသည်အခုမှ ရွှေဈေးတို့ အလျော့တွက် တို့ လက်ခတို့ အမေးမြန်းရသေးတာ

သတိရသည်။

သူက ဒစ်ဂျစ်တယ်နှင့် ပြန်ချိတ်ပြ။ ငွေကို တွက်ပြီးလျှင် ဖန်ခါးက ပိုက်ဆံ ထုတ်ပေးရုံပဲလား။

ပြီးလျှင် သူက ဘောက်ချာရေး ပြီး ငွေလက်ခံထားလိုက်ရင် ပြီးပြီပေါ့။

ဒီကနေ ပြန်ထွက် လှည့်ပြန်။

ဖန်ခါးရဲ့ စွန့်စားတွေ့ ဆုံမှု က ဒီလောက်နှင့် ပြီးသွားရမှာ လား။

"အလျော့က သုံးရွှေး၊ လက်ခက တစ်ထောင်ပဲ ယူထားတယ်၊ အားလုံး ခြောက်သော င်းကိုး ထောင်ကျမယ်"

"အလျော့သုံးရွှေးတောင်"

"ဟုတ်ကဲ့၊ လက်ကောက်တွေ ၊ ဟဲန်းချိန်တွေ ဆို လေးရွှေး ယူပါတယ်"

"ဟင်....များ တာပေါ့"

ကောင်မလေးရဲ့ နှုတ်ခမ်းမစူတစူ ရေရွတ်ပုံကြောင့် နေတလူ ပြုံး သွားရသည်။

တကယ်တော့ သုံးရွှေးလည်း မယူချင်တော့ပါဘူး။ နှစ် ရွှေးလည်း မယူချင်တော့ပါဘူး။

သူမဆီက ပိုက်ဆံယူရမှာ ကိုပင် အားနာ ခက်ခဲသွားပြီ။ နလုံးသားကနေ ခက်ခဲကုန်တာ။ သူလည်း မတတ်နိုင်။

သူမကြိုက်တဲ့ ပစ္စည်းလေး တစ်ခုကို လက်ဆောင်ပေးခွင့် ရချင်ပါသည်။

သို့သော် အခုအခြေအနေမှာ က ရွှေရောင် းသူနှင့် ရွှေဝယ် သူ ဖြစ်နေသည်။

"နှစ် ရွှေးပဲယူပေါ့"

သူမရှေ့ဆစ်တော့ နေတလူက ရယ်နေသည်။

ဟွန်း....ရယ်စရာကျနေတာပဲ။

အင်း......ကောင်းရောပဲ။

သုံးရွေးသတ်မှတ် ထားတာကို နှစ် ရွေးပဲယူတဲ့။

ဒီဘောက်ချာ ဒီစာရင်းက ကွန်ပျူတာထဲဝင်မှာ ။

သူလျှော့ပေးလိုက်ရင် ဘယ်သူ့မို့ လျှော့ပေးတာလဲလို့ စာရင်းစစ်တဲ့ မမမှုံချောက မေးတော့မှာ ပဲ။

နေတလူက ရယ်ကျဲကျဲလေး ခေါင်းကုတ်မိသည်။

"ဘာလဲ မလျှော့နိုင်ဘူးလား"

"မဟုတ်ပါဘူး၊ လျှော့မှာ ပါ"

သူကပြန်ထွက်ပြီး ဈေးပြန်လျှော့ပေးသည်။

ဘောက်ချာရေး တဲ့ သူ့လက်တွေ ကို ဖန်ခါးက နှစ်သက် စွာ ငေးမိပြန်သည်။

ရှင်းသန့်ရှည်လျားနေတဲ့ သူ့လက်ချောင်းတွေ က ငေးချင်စရာပဲလေ။ တအားကြည့်ကောင်း တာ။

"နာမည် က "

သူဖျတ်ခနဲခေါင်းမော့မေးလျှင် ဖန်ခါးရဲ့ အကြည့်ငေးကို သူမြင် သွားပါသည်။

ဖန်ခါးက မလုံမလဲ ရှက်ပြုံး မိရင်း....

"ဖန်ခါးဖြူ"

ဘောက်ချာမှာ အမည် နှင့် လိပ်စာကို ရေး ဖြည့်ရမှာ မို့ ပုံမှန် မေးရတာ ဖြစ်ပေမဲ့ သူမအမည် လေးကိုတော့ နှလုံးသားမှာ ရေး မှတ်လိုက်တာပါ။

ဖန်ခါးဖြူတဲ့။

ဘာလေးမှန်းမသိဘဲ ချစ်စရာကောင်းလိုက်တာ

“နေတာက”

နေတလူက ထပ်မေးသည်။

လိပ်စာကို သိချင်သည်။ တိတိကျကျ မေးထားရမည် ။

သို့သော် ကောင်မလေးရဲ့ အဖြေမှာ သူအံ့အားသင့် မျက်ခုံးပင့်သွားရသည်။

“အမှတ်ရှစ်ဆယ့်သုံး ၊ သုံးလွှာ (..........)လမ်း”

“ဟာ....ဒီလမ်းကပဲ”

“အင်းလေ”

“တစ်ခါမှ မမြင်ဖူးပါလား”

“ပြောင်းလာတာ နှစ် ပတ်မပြည့်သေးဘူး”

“သြော်.....ဒါကြောင့် ဖြစ်မယ်”

နေတလူ ရင်ထဲမှာ ဝမ်းသာကြည်နူးမှု က လှိုက်ခနဲတက်လာသည်။

ကြည့်ပါဦးကွာ ကိုယ့်အိမ်နံဘေး ကနဲထရိုက်တိုက်မှာ နေတာတဲ့။

သုံးလွှာဆိုတော့ သူတို့ရဲ့ လုံးချင်းတိုက်နဲ့ အတော် နီးနီးကပ် ကပ်နေမှာ ။ သူမတို့က ရှစ်ဆယ့်သုံး၊ ဒီဘက်က ရှစ်ဆယ့်ငါး၊ စုံဂဏာန်းတွေ က လမ်းရဲ့ ဟိုဖက်ခြမ်း။ မဂဏာန်းတွေ က ဒီဖက်ခြမ်းမှာ ။ ဒီတော့ ဘေးချင်းကပ်ရက်က တိုက်ပဲဆိုတော့ နေတလူက ခန့်မှန်းမိသွားပြီ။

“ကျေးဇူးတင်ပါတယ်၊ နောက်လည်း လိုအပ်တာရှိရင် လာခဲ့ပါ”

“ဟုတ်ကဲ့”

“ပစ္စည်းကို ပြန်စစ် သွားပါဦး”

သူက ဆိုင်တံဆိပ်ပါတဲ့ လက်ဆွဲ အိတ်ငယ်လေးထဲ ကော်ဖူး အနီရောင် လေးကို သေချာထည့်ပေးသည်။

မျက်နှာကလည်း ပြုံး စိစိ ဖြစ်နေသည်။

ဒါပေမဲ့ သူပျော်လို့ နှုတ်ခမ်းမစေ့နိုင်အောင် ပြုံး နေတာ ဖန်ခါး ရိပ်မိပါသည်။

"တစ်ခါတည်း နားမှာ ပန်မသွားဘူးလား"

"မပန်ပါဘူး"

သူမရဲ့ နားရွက်ကားကားလေးမှာ စိန်တစ်လုံးတည်း နားကပ်လေး ပန်ထားပြီးသားပါ။

နေတလူလည်း သူမကို ဒီနားက မသွားစေချင်သေးလို့ လျှောက်ပြောတာ။

သူမက နေတလူအရှေ့မှာ မှန်ကြည့်ပြီး နားဆွဲပန်ဖို့တော့ ရှက်နေမှာ ပေါ့။

ဒါလည်း ဟုတ်တာပဲ။

"ဒါဆိုလည်း အိမ်ကျမှ ပန်တော့နော်"

ဖန်ခါးသည် လိုက်စသလို မသိမသာ လေးပြောနေတဲ့သူကို တပ်ဖွတ်ပြီ မျက်စောင်းကလေး ချိတ်မိတော့သည်။

အိမ်နီးနားချင်းမှန်း သိသွားတော့ သူ့အပြောအဆိုက ပိုပြီး တရင်းတနှီး ဆန်သွားသည်။

ဖန်ခါးနှင့် တွေ့နေရပဲဟု စိတ်အေး စိတ်ချပြီး ရွှင်မြူး တဲ့ ဟန်အမူအရာက ပေါ်နေသည်။

ဖန်ခါးရင်မှာ တော့ ရှက်တတ်တက်နှင့် နောက်တစ်မျိုး ရင်ခုန်ရသည်။

ဖန်ခါး သူ့ကို သိနေတာ သူများ ရိပ်မိသွားမလား လို့ပါ။

"ပြန်တော့မှာ လား"

"ဖန်ခါးက ပခုံးလွယ်အိတ် အဖြူရောင် လေးကို ပခုံးမှာ အသာအယာပြန်လွယ်လိုက်တော့ သူကမေးသည်။

"ကိုယ်က နေတလူပါ၊ ဒီဆိုင်နာမည် က ကိုယ့်နာမည် ပဲ လေ၊ ဆိုင်မှာကိုယ်မရှိလည်း ကိုယ်အစ်မမှုံ ချောနဲ့ ညီမလေး အိချောတို့ အမြဲတမ်းရှိသည်။

"ဟုတ်ကဲ့"

သူက ပြန်ကာနီးမှ ကမန်းကတန်း မိတ်ဆက်ဖို့ သတိရဟန်တူသည်။

"မနက်ဖြန် ဒီဇိုင်းသစ်တွေ ထပ်ရောက်မယ်၊ ဖန်ခါး လာကြည့်ဦးပေါ့နော်"

ဖန်ခါးက ခေါင်းကလေးသာ ညိတ်၏ ။

သူက ဖန်ခါးအမည် ကို တရင်းတနှီးလေး ခေါ်လိုက်တာ မို့ ရင်ထဲ သိမ့်ခနဲ လည်းဖြစ်သွားရသည်။

နေတလူက လုပ်လက်စအလုပ် တွေ ထားကာ ဖန်ခါးကို တံခါးဝကနေ ခပ်ငေးငေး လိုက်ကြည့်နေလေသည်။

ဖန်ခါးဖြူက သူကြည့်နေတာသိသော် လည်း ပြန်လှည့် ကြည့်လိုက်ဖို့ ရာ ရှက်ရင်ဖိုရှိန်း မြနေမိသည်။

♥ ♥ ♥

နေတလူ သည် ညနေဆိုင်ပိတ်ပြီးချိန် ဆိုင်မျက်နှာစာက ပန်းအိုးလေးတွေ ကိုယ်တိုင်ရေး ဖြန်းရင်း ဟိုဖက်ကန်ထရိုက်တိုက် လေးပေါ်သို့ သာ လည်ပင်းမော့ရှာဖွေနေမိပါသည်။

မနက်ကလာခဲ့တဲ့ ဖန်ခါးဖြူမျက်နှာလေးကို တွေ့လိုတွေ့ရငြား။

သူမပြောတဲ့ သုံးလွှာဟာ ဘယ်ဘက်အခန်းလား၊ ညာဘက်အခန်းလား။

တိုက်ကို မျက်နှာမူပြီး ကြည့်ရင်တော့ ညာဘက်အခန်းက သူတို့ခြံနှင့် ကပ်ရက်ပါ။

အဲဒီ အခန်းလေးပဲ ဖြစ်မှာ ပါ။

ဘာကြောင့် လဲဆိုတော့ ဘယ်ဘက်ခန်းရဲ့ ဝရန်တာမှာ က ကလေးအင်္ကျီ၊ ကျောင်းဝတ်စုံ လေးတွေ အရွယ်အစားမျိုး စုံလှန်း ထားတာ တွေ့ရတာ မို့ တခြားမိသားစုပဲ ဖြစ်မှာ ။

အိမ်ချင်းကပ်ရက် ဆိုပေမဲ့ တိုက်ခန်းအချို့ ဟာ အငှားတက် လာလိုက်၊ ခဏနေပြန် ပြောင်းသွား လိုက်မို့ လူတွေ ကို သိပ်မျက်မှန်းမတန်းမိ။

ဒီသုံးလွှာဟာ အရင်တုန်းက ငှားစားတဲ့ အခန်းလေး ဖြစ်သည်။

နေတလူသာ ပန်းပင်ရေလောင်းလို့ ပြီးသွားသည်။

ဝရန်တာမှာ လူရိပ်လူယောင်လေးပင် မမြင်ရ။

ဆန်းရှိတ်အပြာနှင့် လိုက်ကာအပြာရောင် လေးတွေ ကြောင့် အဲဒါကြောင့် အဲဒါပဲ ဖန်ခါးဖြူရဲ့ အခန်း ဖြစ်မှာ ဟု သူထင်သည်။

ဖန်းခါး အိမ်မှာ မရှိဘူးထင်ပါရဲ့ ။

နေတလူ စိတ်ဓာတ်ကျကျနှင့် တိုက်ထဲ ပြန်ဝင်ရေချိုး သည်။

ပြီးလျှင် ညစစား၊ တီဗွီခဏကြည့်။

အိမ်သားတွေ လစ်တာနှင့် သူဟိုဘက်ခန်းကို မသိမသာ ချောင်းပြန်သည်။

ဘယ်လိုကွာ။

ညဘက်ရောက်လို့လည်း မီးလင်းမလာပါလား။

အခန်းလေးက မှော င်မဲ တိတ်ဆိတ်နေဆဲ။

ကောင်းမလေး သူ့ကို လိပ်စာညာပေးတာလား။ ဒီလိုလည်း နေတလူ မထင်ပြန်။

ရိုးသားအေးချမ်းသော သူမမျက်နှာလေး ကို နေတလူ အသည်းထဲကပင် ယုံနေသည်။

ညညဉ့်နက်တော့လည်း သူထပ်ကြည့်သည်။

အခန်းလေးက မှော င်မြဲမှော င်လျက်ပင်။

♥ ♥ ♥

နီးရဲ့ နဲ့ဝေးဆိုတဲ့ စကားကို သူခံစားရမှာ ပဲ နက်ရှိုင်းမှန်း သိပါသည်။

ထိုနေ့တစ်မနက်က အမှတ်နမဲ့ သူ့ထံရောက်လာသော ဖန်ခါးဖြူကို နောက်သုံးလေး ငါးရက်တစ်ပတ်အထိ ဘယ်လိုမှ ထပ်မတွေ ့ရတာ မို့ နေတလူ ဘာကိုမှန်းမသိ မကျေမနပ် အသည်း ယားနေမိသည်။

သူမ အဲဒီ အခန်းမှာ နေတာ ကတော့ သေချာသွားပြီ။ ဘာကြောင့် လဲဆိုရင် ဟိုတစ်မနက်က သူမဝတ်လာတဲ့ အင်္ကျီဖြူလေးကို ဝရန်တာမှာ လျှော်လှန်းထားတာ တွေ ့ရသည်။

အင်္ကျီလေးသာမြင်ရပြီး လူကိုတော့ လုံးဝထပ်မတွေ ့။

သူမဟာ ဒီမှာ တစ်ယောက် တည်း လာနေတာများ လား။

မိသားသူမပါခဲ့ဘူးလား။

မရေမရာတွေ းရင်း သူမကြောင်းကို ပြင်းပြင်းပြပြ သိချင်မိသည်။

နေတလူ ရင်ထဲမှာ သူမပုံရိပ်က အမှတ်တရနှင့် ခိုင်မြဲနေသည်။

ပြီးပြီးပျောက်ပျောက် မေ့မေ့ပျောက်ပျောက် သူသဘော မထားနိုင်ချေ။

တစ်စုံတရာရဲ့ စေ့ဆော်မှု ကြောင့် ပဲလား မပြောတတ်။ နေတလူ့ စိတ်ထဲမှာ သူမနှင့် ရှေ့ဆက်ပတ်သက်ခင်မင် နှောင်ဖွဲ့ ဖြစ်လိမ့်မည် ဟု ထင်နေသည်။

ဖန်ခါးဖြူ။

မင်းဘယ်ရောက်နေလဲကွာ။

ငါအရမ်းတွေ ့ချင်လိုက်တာ။

မတွေ ့ရလေ ပိုတွေ ့ချင်လေ။

မနက်အစောကြီးလည်း သူထကြည့်သည်။ နေ့လယ် ညနေခင်းတွေ လည်း သတိထားစောင့်ကြည့် သည်။ ညဖက်လည်း သတိထား ကြည့်သည်။

အခန်းလေးက လူမနေသလိုပဲ တိတ်ဆိတ်နေတာ။

စိတ်မရှည်တာကြောင့် သူတို့အပေါ် ထပ်ထိ တက်သွားကြည့်ချင်မိသည်။

အဲလို တက်သွားဖို့ ကျတော့လည်း သူခပ်ရှက်ရှက် နှင့် တွန့်ဆုတ်နေမိပြန်သည်။

အင်းလေ....တက်သွားလည်း ရှိမှာ မဟုတ်ပါဘူး။ သော့ ခလောက်ပဲ တွေ ့ရမှာ ပါ။

နေတလူက စိတ်လျှော့ဖြေတွေ းလိုက်သည်။

တကယ်တမ်း မျက်နှာချင်းဆိုင်တွေ ့ ရပြီဆိုပါတော့ သူ ဘာပြောမလဲ။

ဘာပြောရမှန်းလည်း သိတာမဟုတ်။ ဒီအတိုင်းပဲ သူမ မျက်နှာလေးကို မြင်ချင်မိတာပါ။

စိတ်ဆိုတာလည်း ဆန်းကြယ်သားပင်။

တစ်ခါ လေးတွေ့ဖူးတဲ့ မိန်းကလေးကို မတွေ့ရမနေနိုင် ထပ်ပြီး တွေ့ချင်မြင်ချင်မိတာ ဘာကြောင့် လဲကွာ။

နေတလှု သူ့ကိုယ်သူပင် နားမလည် နိုင်အောင် ဖြစ်ရသည်။

ညဖက် လူခြေတိတ်ချိန်ရောက်လျှင် သူသည် ဟော်လို ဂစ်တာလေးဆွဲ လျက် ဆိုင်ရှေ့က ခုံတန်းဖြူလေးမှာ ဂစ်တာထွက်တီးမိသည်။

သီချင်းတွေ က တစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုရင်း ဟိုဖက်သုံးလွှာ ရဲ့ ဝရန်တာလေးဆီကို သာ ခဏခဏ မော့ကြည့်နေမိသည်။

အေးမြတိတ်ဆိတ်သော ညကလေးမှာ သူမဝရန်တာထွက် ရပ်လာလျှင် သိပ်ကောင်းလိမ့်မည် ။

ကိုယ်မျှော်လင့်ရတာ မောနေပြီကွာ။

မင်းခဏလောက်ထွက်ခဲ့ရင် သိပ်ပျော်စရာကောင်းမှာ ပဲ ဖန်ခါးဖြူရယ်။

ကိုယ်မင်းကို သတိရနေတယ်။

♥ ♥ ♥